ဇွန် (၁၂)

## သခင်ယေရှု၏နာမတော်၌တန်ခိုးစွမ်းအားရှိသည်။

**အချို့**သောသူများက "ခင်ဗျား ဒီယေရှု" ဆိုတာကို ဘေးဖယ်ထားလို့ မရဘူးလား? ဘာဖြစ်လို့ ဒီနာမည်ကိုသုံးရတာလဲ? ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာ အကြောင်းကိုသာပြောပြီး လုပ်စရာရှိတာကို ဘုရားသခင်ရဲ့ နာမတော်နဲ့ မလုပ်နိုင်ဘူးလား? ဟုမေးတတ်ကြရာ အဖြေက ဤအရာများက ဘုရားသခင်၏ သတ်မှတ်ချက်များသာ ဖြစ်နေခြင်းကြောင့်ပင်။

ဘုရားသခင်ကို ချဉ်းကပ်ရာတွင် သင်သည်သခင်ယေရှုမှတဆင့် ချဉ်းကပ်ရမည်။ သူသည် ကျွန်ုပ်တို့၏ "ဘုရားရှင်နှင့် လူတို့ကြားဖြန်ဖြေသူ မိမိတို့၏ယဇ်ပုရောဟိတ်မင်း" (၁တိမောသေ ၂း၅) (ဟေဗြဲ ၄း၁၄) ဖြစ်ပြီး တစ်ဦးတည်းသော "သေခြင်းမှရှင်ပြန်ထမြောက်သူ" ဖြစ်သလို မိမိတို့ကိုလည်း အလားတူပြုနိုင်ရန်အတွက် အစွမ်းတန်ခိုးပေးနိုင်သူဖြစ်သည်။ သမ္မာကျမ်းစာက "ထိုသခင်၏ နာမတော်မှတပါး ငါတို့ကိုကယ်တင်နိုင်သော နာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိ" (တမန်တော် ၄း၁၂) မိမိတို့သည်သူ၏ နာမတော်၌ ဆုတောင်းရန် ရောဂါကိုပျောက်ကင်းစေရန် နတ်ဆိုးတို့ကိုနှင်ထုတ်ရန် ဗတ္တိဇံကိုပေးရန် တရားတော်ကိုပြောကြားရန်ဖြစ်သည်။ ထိုနာမတော်မပါလျှင် တန်ခိုးတော်မရှိ။ မိမိတို့၌ရှိသော အရာအားလုံးက သခင်ယေရှု၏ နာမတော်၌သာဖြစ်သည်။ "ငါအမှန်အကန်ဆိုသည်ကား သင်တို့သည်ငါ၏ နာမကိုအမှီပြု၍ ခမည်းတော်မှာဆုတောင်းသမျှတို့ကို ခမည်းတော်သည် ပေးတော်မူ မည်။" (ယော ၁၆း၂၃) ဟု သခင်ယေရှုမိန့်ကြားခဲ့သည်။ ထူးဆန်းအံ့ဩဖွယ်ရာအမှုကို စောင့်စားမျှော်လင့်ပါ။ ထိုအခါ ၎င်းကို သခင်ယေရှုနာမတော်၌ သင်ရရှိလိမ့်မည်။

တမန်တော်ဝတ္ထုတွင် ရှေးကာလ တမန်တော်ကြီးများ သခင်ယေရှု၏ နာမတော်အပေါ် အလေးထား ဂရုစိုက်ခဲ့ကြပါသနည်း။ သူတို့ဟောကြားသောအရာ ပြောကြားသော အရာမှန်သမျှက သခင်ယေရှု အကြောင်းသာလျှင်ဖြစ်ပြီး ထိုနာမတော်၌ အလုံးစုံသော ထူးဆန်းအံ့ဩဖွယ်ရာ အမှုများကို သူတို့လုပ်ဆောင်ခဲ့ကြသည်။ ထိုနာမတော်အားဖြင့် လောကကြီးကို သူတို့ရယူအောင်နိုင်ခဲ့ကြသည်။

ထိုယေရှုဟူသောအမည်က မိမိတို့အား လောကကြီးကို ရယူအောင်နိုင်စေမည့် တစ်ခုနည်းသော အမည်နာမပင်ဖြစ်သည်။